# ဂျာမနီကားကုမ္ပဏီနှင့် ရိုးမလုပ်ငန်းစု ပူးပေါင်းကာ Volkswagen ကားဝပ်ရှော့ ဖွင့်လှစ်မည်

သတင်းရင်းမြစ် > ထင်လင်းအောင်
ကြာသပတေးနေ့၊ အောက်တိုဘာလ ၂၄ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၀၈ မိနစ်

ဂျာမနီနိုင်ငံ ကားကုမ္ပဏီတစ်ခုဖြစ်သော German Industries Company (GCI)□နှင့် ရိုးမကုမ္ပဏီ (Yoma Strategic Holdings) လုပ်ငန်းစုတို့က မြန်မာနိုင်ငံတွင် Volkswagen မော်တော်ကားများ ပြုပြင်နိုင်မည့် ဝပ်ရှော့တစ်ခုအား ယခုလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

ယင်းအတွက် အောက်တိုဘာ ၂၃ ရက်က နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

Yoma Strategic ၏ အမှုဆောင် အရာရှိချုပ် Andrew Rickards က "မြန်မာဟာ အရှေ့တောင် အာရှဒေသ အတွင်း အရေးအပါဆုံးသော မော်တော်ယာဉ် ဈေးကွက်တွေအထဲက တစ်ခုဖြစ်လာမယ့် အလားအလာတွေ ရှိနေတဲ့အတွက် ဒီလိုအခွင့်အရေးကောင်းတွေကို အမိအရဆုပ်ကိုင်နိုင်ဖို့ အရေးကြီးပါတယ်။ Yoma Strategic က Volkswagen နဲ့ စောစောစီးစီး သဘောတူညီချက်ရနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ ရဲ့ပစ္စည်းတွေ ဝယ်ယူ အားပေးသူတွေကို ပိုပြီးဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းကားဝပ်ရှော့အား ကမာရွတ်မြို့နယ် အင်းစိန်လမ်းမပေါ်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
Post
by
Mizzima - News in Burmese
.